# မွေးကင်းစကလေးအရေပြားမှ အဝါဓာတ်တိုင်းတာသည့် စက်ကိရိယာများ ဂျပန်နိုင်ငံမှ လာရောက်လှူဒါန်း

ရန်ကုန် ဒီဇင်ဘာ ၂၇

ဂျပန်နိုင်ငံ Konica Minolta ကုမ္ပဏီမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ခြောက်သောင်းနီးပါးတန်ဖိုးရှိ မွေးကင်းစကလေးအရေပြားမှ အဝါဓာတ်တိုင်းတာသည့် စက်ကိရိယာ ၁၁ ခုအား Myanmar Pediatric Society (မြန်မာနိုင်ငံကလေးဆရာဝန်များအဖွဲ့)သို့ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်က ရန်ကုန်ကလေးဆေးရုံကြီးတွင် ပြုလုပ်သည်။

## စက်ကိရိယာများ လှူဒါန်း

မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံ Kagawa University တို့ ပြုလုပ်နေသည့် မြန်မာနိုင်ငံ မွေးကင်းစကလေးအသားဝါလျှော့ချရေးစီမံချက်ကို အထောက်အကူပြုစေရန် Kagawa University နှင့် Konica Minolta ကုမ္ပဏီတို့က ယခု ကဲ့သို့ စက်ကိရိယာများ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ Kagawa University မှ ကလေးကျန်းမာရေးဌာန ပါမောက္ခ/ဌာနမှူး Takashi Kusaka က ''မွေးကင်းစအသားဝါရောဂါဟာ ဘာ့ကြောင့်အရေးကြီးလဲဆိုရင် ဒီအသားဝါဓာတ်တွေဟာ ဦးနှောက်ကို ရောက်သွားရင် ဦးနှောက်ထိခိုက်ပြီး ဉာဏ်ရည်နိမ့်တာတို့၊ အရိုးအကြောကြွက်သားတွေ မလှုပ်ရှားနိုင်တာတို့ အဲဒီလိုဖြစ်ပြီးတော့ တစ်သက်တာမိသားစုအတွက်လည်း မကောင်းဘူး၊ နာတာရှည်ရောဂါမျိုးဖြစ်တဲ့အတွက် အတော့်ကို လျှော့ချချင်တယ်။ မြန်မာနိုင်ငံမှာလည်း ဒီမွေးကင်းစကလေးနဲ့ပတ်သက်တဲ့ အသားဝါမှုတွေက အခုထိရှိသေးတယ်ဆိုတော့ Kagawa University နဲ့ Konica Minolta နဲ့ ပေါင်းပြီးတော့ ဒီစီမံကိန်းကို စပြီးတော့ မြန်မာနိုင်ငံက ဗဟိုအမျိုးသမီးဆေးရုံ(ရန်ကုန်) နဲ့ပူးပေါင်းပြီး လုပ်ရခြင်းဖြစ်ပါတယ်''ဟု ပြောသည်။

အခမ်းအနားတွင် ပါမောက္ခ ဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ဂျပန်နိုင်ငံ Kagawa University မှ ပါမောက္ခ Takashi Kusaka၊ ပါမောက္ခ Saneyuki Yasuda နှင့် ဗဟိုအမျိုးသမီးဆေးရုံကြီး မွေးကင်းစကြပ်မတ်ဆောင်မှ ပါမောက္ခ ဒေါက်တာနမ့်စန်းစန်းအေးတို့က စီမံချက်အကြောင်း ရှင်းလင်းပြောကြားသည်။

## ရှင်းလင်းပြောကြား

ထို့နောက် မွေးကင်းစကလေးအရေပြားမှ အဝါဓာတ်တိုင်းစက်ကို လှူဒါန်းသော Konica Minolta ကုမ္ပဏီမှ General Manager Mr. Hiroshi Mori က လှူဒါန်းရခြင်းအကြောင်း လှူဒါန်းဖြစ်ပုံကို ရှင်းလင်းပြောကြားခဲ့ပြီး လှူဒါန်းသည့် ကိရိယာများအား Myanmar Pediatric Society မှ ပါမောက္ခဌာနမှူး ဒေါက်တာရဲမြင့်ကျော်၊ ပါမောက္ခ ဒေါက်တာလှမြတ်နွယ်တို့က လက်ခံသည်။

ဗဟိုအမျိုးသမီးဆေးရုံကြီး မွေးကင်းစကလေးအထူးကြပ်မတ်ကုသဌာနမှ တာဝန်ခံဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာနမ့်စန်းစန်းအေးက ''မွေးကင်းစကလေးတွေ ရင်ဘတ်ပေါ်ကို ဒီစက်ကလေးနဲ့ ထောက်ကြည့်ပြီး ရလာတဲ့အဖြေကို Nomogram ပေါ်မှာ ဖတ်ကြည့်ပြီး လိုအပ်မှသာလျှင် ကလေးကိုအဝါဓာတ်အတွက် သွေးကိုဖောက်စစ်ပါတယ်။ အကျိုးကျေးဇူးကတော့ မလိုအပ်ဘဲ သွေးစစ်စရာမလိုတော့ဘူး၊ စောစောစီးစီးလည်း ကြိုတင်ပြီး စမ်းသပ်နိုင်တဲ့အတွက်ကြောင့် ကလေးအသားဝါတာကို အချိန်မီကုသနိုင်တဲ့အတွက်ကြောင့် အသားဝါနောက်ဆက်တွဲဆိုးကျိုးကို ကာကွယ်ပေးနိုင်ပါတယ်။ သွေးလဲရန္တန်းအလွန်ကို နည်းပါးသွားပါတယ်၊ ကလေးတွေအတွက် အများကြီးကောင်းကျိုးတွေရသွားမယ်''ဟု ပြောသည်။

အဆိုပါကိရိယာများအား ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် အမိကထားရှိသွားမည်ဖြစ်ကာ ရန်ကုန်အနောက်ပိုင်းဆေးရုံ၊ အရှေ့ပိုင်းဆေးရုံ၊ အင်းစိန်ဆေးရုံ၊ မြောက်ဥက္ကလာပဆေးရုံ၊ တောင်ဥက္ကလာပဆေးရုံနှင့် သဃ်န်းကျွန်းဆေးရုံများသို့ပါ ပေးအပ်သွားမည်ဖြစ်ပြီး ယနေ့အခမ်းအနားတွင် ဂျပန်နိုင်ငံ Kagawa University မှ ပါမောက္ခ၊ ဆရာဝန်များက စက်ကိရိယာများအသုံးပြုပုံကို ရှင်းလင်းပြသပေးခဲ့ကြောင်း သိရသည်။

သီသီမင်း